# ACTIVATORကိုအသုံးပြုနည်း

**Longman Pocket Activator** တွင်ဖော်ပြထားသော စကားလုံးများသည် လူသုံးများသည့် စကားလုံးများကိုအခြေခံသဘောတရားချင်းတူညီသည့်အဓိကစကားလုံးများပေါ်တွင် စုစည်းဖော်ပြထားခြင်းဖြစ်သည်၊ အဓိကစကားလုံးများကို အက္ခရာစဉ်လိုက်လည်းဖေ-ာ် ပြထားသည်၊ ဥပမာအားဖြင့် "အရသာ = **TASTE**"ဆိုသည့်စကားလုံးဆိုလျှင် ၎င်းနှင့်ဆက်စပ်မှုရှိသည့်စကားလုံးများဖြစ်သော "**delicious, disgusting, spicy, sweet**" တို့ကို "**TASTE**"နှင့်အတူတကွအုပ်စုဖွဲ့ထားသည်၊ ထိုနည်းတူစွာ "**happy**"ဟုအနက်ထွက်သောစကားလုံးများဖြစ်သည့် "**glad, pleased, delighted**" စသောစကားလုံးများကို "**TASTE**" နှင့်အတူအုပ်စုဖွဲ့ဖော်ပြထားရာ **Activator** သည်ဝေါဟာရတိုးပွားအောင် ပြုလုပ်ရာတွင်ဖြစ်စေ၊ အခြားလွှဲပြောင်းသုံးစွဲနိုင်သည့် စကားလုံးများကိုရှာဖွေရာတွင်ဖြစ်စေ အလွန်အသုံးဝင်အောင်ဖန်တီးထားပါသည်။

**HAPPY** ကိုမည်သို့အသုံးပြုရမည့်အကြောင်း ဤတွင်ဥပမာထုတ်ပြပါမည်၊ ရေးလိုသော "**I was very happy to hear about your new job /** မင်းအလုပ်သစ်ရတာကြားရတော့ ငါအလွန်အမင်းဝမ်းသာတယ်" ဝါကျတွင် အဓိပ္ပါယ်ထွက်သောအခြားစကားလုံးကိုရှာဖွေလိုသည်ဆိုလျှင်၊ အဓိကစကားလုံး "**happy**"ရှိရာသို့သာသွားပြီးကြည့်ပါလေတော့

**HAPPY**

အသုံးပေါင်းခေါင်းစဉ်ကြီး ခြောက်ခုထဲမှ သင်ရွေးချယ်ယူနိုင်သည်

**1. FEELING HAPPY**

၁။ ပျော်ရွှင်သောခံစားမှု

**2. HAPPY BECAUSE SOMETHING GOOD HAS HAPPENED**

၂။ ကောင်းတာတစ်ခုခုဖြစ်လာသောကြောင့်ပျော်သည်

**3. A HAPPY FEELING**

၃။ ပျော်ရွှင်သောခံစားမှု

**4. HAPPY BECAUSE YOU ARE NO LONGER WORRIED ABOUT SOMETHING**

၄။ တစ်စုံတစ်ရာကိုမပူပန်ရတော့သဖြင့်ပျော်သည်

**5. TO MAKE SOMEONE FEEL HAPPY**

၅။ တစ်စုံတစ်ယောက်ကိုပျော်စေသည်

**6. TO FEEL HAPPY AGAIN AFTER FEELING SAD**

၆။ ဝမ်းနည်းပြီးနောက်တဖန်ဝမ်းမြောက်စေသည်

ကျွန်ုပ်တို့ရေးလိုသော ဥပမာဝါကျနှင့် အသင့်တော်ဆုံးအသုံးအနှုန်းမှာ
**HAPPY BECAUSE SOMETHING GOOD HAS HAPPENED** ဖြစ်သည်။
ကောင်းတာတစ်ခုခုဖြစ်လာတာကြောင့်ပျော်သည်။

သင်ရွေးချယ်လိုက်သော "အသုံးအနှုန်းနံပါတ် - ၂"၏အောက်တွင် အနက်တူစကားလုံးစာရင်းအဖြစ် "**pleased, glad, delighted, satisified**"စသည်ဖြင့်သင်ရေးလိုသော ဝါကျနှင့် အဆင်ပြေနိုင်ကောင်းသောစကားလုံးများကို တွေ့ရမည်၊ စကားလုံးတစ်လုံးစီကိုလက်တွေ့သုံး ဥပမာများဖြင့် သရုပ်ဖော်ထားသည်။ ဥပမာဝါကျများသည်စကားလုံးတစ်လုံးချင်းစီကိုမည်သို့ သုံးစွဲရသည်ကိုရှင်းလင်းစွာဖော်ပြထားသည်။ ထို့အပြင်သင်သုံးစွဲလိုသည့် အခြေအနေတွင် အကောင်းဆုံးစကားလုံးကို ရှာဖွေတွေ့ရှိနိုင်ရန်လည်း အကူအညီပေးသေးသည်၊ ရှေ့ကဆိုခဲ့သော ဥပမာဝါကျအတွက်ဆိုလျှင် သင်သည် "**delighted**" ကိုရွေးပြီးဤသို့ရေးရတော့မည် -

**delight : I was delighted (happy** ကိုယ်စား**) to hear about your new job.**

မင်းအလုပ်သစ်ရတာကြားရတော့၊ ငါပျော်သွားတယ်။

အခြားမည်သည့်အချက်များကို ဖော်ပြနိုင်သေးသနည်း ?

ဥပမာအဖြစ်ရေးပြထားသောဝါကျများက မကြာခဏဆိုသလို အတူတကွတွေ့ရသော စကားလုံးများကိုဖော်ပြထားခြင်းအားဖြင့်သင့်ကိုထပ်တိုးကူညီထားသည် -

| | | |
|---|---|---|
| **accident** | ▶ | **Jim was rushed to the hospital after an accident at work.**<br>ဂျင်အလုပ်လုပ်ရင်းဒဏ်ရာရတော့ သူ့ကိုဆေးရုံသို့အပြေးအလွှားပို့ခဲ့ရတယ်။ |
| | ▶ | **The park is now closed following a bad/serious accident last week.**<br>ပြီးခဲ့တဲ့အပတ်က ထိခိုက်ပြီး ဆိုးဆိုးရွားရွားပျက်စီးသွားတော့၊ အခုပန်းခြံကိုပိတ်ထားရတယ်။ |
| | ▶ | **Greg has been unable to walk since he was injured in a skiing accident.**<br>ဂရက်က စကိတ်လျောစီးရင်း ဒဏ်ရာရလို့၊ လမ်းမလျှောက်နိုင်ဘူး။ |

**မှတ်ချက် ။** လိုင်းတားထားသည်မှာအတူတကွတွဲလျှက်တွေ့ကြရမည်တွဲလုံးများဖြစ်သည်၊အင်္ဂလိပ်စကားလုံးများကိုတစ်လုံးချင်းကျက်မှတ်၍မရပါ၊ တွဲဖက်စကားလုံးများဖြင့် တွဲ၍ကျက်မှတ်ထားကြရန် တိုက်တွန်းလိုက်ရပါသည်။

ဥပမာဝါကျများသည် သင်တို့ကိုသဒ္ဒါအသုံးအနှုန်းလည်း အကူအညီပေးသည်။ အထူးသဖြင့် ဝိဘတ်များနှင့်စကားဆက်များ၏ အသုံးအနှုန်းကိုတွေ့ရမည်၊ စကားဆက်များ **(conjunction)** များသည် စကားလုံးချင်း**(word)**၊ စကားစုချင်းကိုဆက်စပ်ပေးသည်။ ဝိဘတ်တစ်ခု သို့မဟုတ် စကားဆက်တစ်ခုကို သင်ဖတ်နေသော စကားလုံး၏ နောက်တွင်တွေ့ရသောအခါ ဥပမာ ဝါကျအတွင်းလိုင်းတားပြီးဖော်ပြထားသည်ကိုတွေ့ရမည်။

| | | |
|---|---|---|
| **land** | ▶ | **When the plane landed at JFK, it was three hours late. (Preposition = at)**<br>လေယာဉ်က ဂျွန်အက်ဖ်ကနေဒီ လေဆိပ်ကိုဆိုက်တော့၊ ၃ - နာရီနောက်ကျတယ်။<br>**What time do you land in Miami? (Preposition = in)**<br>မိုင်ယာမီကို မင်းတို့ဘယ်အချိန်လေယာဉ်ဆိုက်လဲ။ |
| **bet/have a bet** | ▶ | **I don't bet very often. (Preposition =** မပါ**)**<br>ငါကလောင်းကစားသိပ်မလုပ်ဘူး။<br>**We usually have a bet on the Grand Prix. (Preposition = on)**<br>ငါတို့များသောအားဖြင့် ဂရင်းပရီကားပြိုင်ပွဲကိုလောင်းတယ်။ |

အောက်တွင်ဖော်ပြထားသော မှတ်စုမျိုးသည် စကားလုံးများကို မှန်ကန်စွာသုံးတတ်ရန် အကြံကောင်းပေးလိမ့်မည်။

**Challenging** (အကဲစမ်းစိန်ခေါ်သော) things are interesting and exciting;
**demanding** (မညှာမတာနိုင်းတတ်သော) ones are tiring; **daunting** (ကြောက်စရာ လန့်စရာကောင်းသော) ones make you nervous and they seem almost impossible.

အဓိပ္ပါယ်နှင့်သုံးစွဲပုံကွာခြားမှုများကို ရှင်းပြခြင်းအားဖြင့် မှန်ကန်သောစကားလုံးရွေးချယ်တတ်စေရန်လည်း သင့်ကိုအကူအညီပေးသည်။ ပြန်လှန်ရည်ညွှန်းချက်များက သင်တို့လိုချင်သောစကားလုံးကို ရှာဖွေရာတွင်လည်းကောင်း၊ အခြားအသုံးတည့်သော ဦးတည်ပုဒ်စကားလုံးများကိုလည်း ညွှန်ပြသည်၊ စကားလုံးတစ်လုံး၏ ဆန့်ကျင်ဘက်စကားလုံးများကိုလည်း ဖော်ပြသည်။

- **FUTURE** အတွက်ပြန်လှန်ရည်ညွှန်းချက် -
  - **PAST, SOON, TIME** တို့ကိုကြည့်ပါ

မြန်မာနိုင်ငံသားများ အင်္ဂလိပ်စာကို များများနှင့် မြန်မြန်တတ်မြောက်နိုင်ကြပြီး ကမ္ဘာကို ရင်ဘောင်တန်းနိုင်ကြပါစေ

အံ့စိန် (မိုးကုတ်)
တာဝန်ခံစာတည်း

ယခုထက်ပိုမို၍အကျယ်အပြန့်သိလိုသော **LONGMAN Language Activator** နှင့် **LONGMAN Essential Activator** တို့ကိုဆက်လက်ကြည့်ရှုပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။



# A a

## ABOUT ခန့်လောက်

### 1. ABOUT A PERSON OR SUBJECT
လူတစ်ဦး (သို့) အကြောင်းအရာတစ်ခုခုနှင့်စပ်လျဉ်း၍

**about** ❑. . . နှင့် စပ်လျဉ်း၍၊. . . နှင့်ပတ်သက်၍

‣ She talks about him all the time.
သူမသည် သူ့အကြောင်းကို အချိန်ရှိသရွေ့ ပြောနေတတ်တယ်။

‣ I'm reading a story about some children who get lost on a mountain.
ကျွန်တော်သည် တောင်ပေါ်တွင် ပျောက်ဆုံးသွားကြသည့် ကလေးအချို့အကြောင်းရေးဖွဲ့ထားသည့် ဝတ္ထုကို ဖတ်နေသည်။

‣ I've been thinking about what you said, and I've decided you're right.
မင်းပြောခဲ့တာနဲ့ ပတ်သက်ပြီးငါတွေးနေတာ၊ အေး မင်းပြောတာမှန်တယ်လို့ ငါဆုံးဖြတ်လိုက်ပြီ။

**on** ❑ သီးခြားအကြောင်းအရာတစ်ခုနှင့် ပတ်သက်၍၊ ဘာသာရပ်အကြောင်းနှင့် ပတ်သက်၍

‣ Professor Dodd is giving a lecture on medieval history.
ပရော်ဖက်ဆာ ဒေါ့(ဒ) သည် အလယ်ခေတ်သမိုင်းနှင့်ပတ်သက်သည့်သင်ခန်းစာကို ပို့ချနေသည်။

‣ a survey of young people's opinions on marriage
လက်ထပ်ထိမ်းမြားမှုအပေါ် လူငယ်များ၏ သဘောထားအမြင်များ စစ်တမ်းကောက်ယူချက် တစ်ရပ်။

‣ We would like your views on **how** services could be improved/on **what** we could do to help.
ဝန်ဆောင်မှုစနစ် တိုးတက်ကောင်းမွန်လာအောင် ကျွန်တော်တို့ ဘယ်လိုများ လုပ်ဆောင်နိုင်မလဲဆိုတဲ့ ခင်ဗျားရဲ့အမြင်ကို သိလိုပါတယ်။

"**on**" ကိုစာအုပ်များ၊ ရုပ်ရှင်များ၊ သာမန် အကြောင်းအရာများ ခေါ်ပြရာတွင် အသုံးမပြုရပေ။ တစ်ကယ့် အလေးအနက်အရာတွေအကြောင်း ပြောဆိုမှသာ **on** ကို သုံးသင့်တယ်။

**concerning / regarding** ❑(*FORMAL*) . . . နှင့် စပ်လျဉ်း၍ (အဆိုပါကိစ္စနှင့်ပတ်သက်၍)

‣ The police have new information concerning the identity of the murder victim.
အသတ်ခံရသူ မည်သူမည်ဝါဖြစ်သည်ကို အတည်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရဲများကနောက်ထပ်သတင်းများ ရရှိလာသည်။

‣ Thank you for your letter regarding my student loan.
‣ ငါ့ရဲ့ပညာသင်ချေးငွေနဲ့ စပ်လျဉ်းတဲ့ မင်းရဲ့စာအတွက် ကျေးဇူးတင်ပါတယ်။

**deal with sth** ❑. . . နှင့် ပတ်သက်ဖော်ပြသည်။

‣ The story deals with the problems of poverty and unemployment.
ဤဝတ္ထုသည်ဆင်းရဲနွမ်းပါးခြင်းနှင့် အလုပ်လက်မဲ့ ပြဿနာအကြောင်းကိုဖေါ်ပြထားတယ်။

### 2. NOT AN EXACT NUMBER OR AMOUNT
မတိကျသော ကိန်းဂဏန်းအရေအတွက်(သို့) ပမာဏ

**about** ❑ ( also **around** *ESPECIALLY AMERICAN*) ခန့်,,မျှ,လောက်

‣ The church is about a mile away.
ဘုရားကျောင်းက တစ်မိုင်ခန့်ဝေးတယ်။

‣ Can you come about 9 o'clock?
၉နာရီလောက်မှာ မင်း လာနိုင်မလား။

‣ It cost around $1500.
ဒါ ဒေါ်လာ ၁၅၀၀ခန့်လောက်ဘဲ ကျတယ်။

**approximately** ❑ ခန့်

‣ Each disk can store approximately 144 pages of text.
Disk တိုင်းဟာ စာသား စာမျက်နှာ ၁၄၄မျက်နှာခန့်လောက် ထည့်ထားနိုင်တယ်။

‣ Approximately 30% of the community is Polish.
လူဦးရေ၃၀%လောက်ဟာ ပိုလန်လူမျိုးတွေဖြစ်တယ်။

"**approximately**" သည် "**about, around**" တို့ထက်ပို၍ formal ဖြစ်ပြီး၊ အရေးအသားတွင်အသုံးများသည်။

**roughly** ❑ အကြမ်းဖျဉ်းအားဖြင့်၊ အနီးစပ်ဆုံး အားဖြင့်၊ ခန့်မှန်းအားဖြင့်

‣ A new computer like this one would cost roughly $2000.
ဒီလို ကွန်ပြူတာအသစ်ရဲ့တန်ဘိုးဟာ အကြမ်းဖျဉ်းအားဖြင့်၊ ဒေါ်လာ ၂၀၀၀လောက်တော့ ရှိမယ်။

‣ There were roughly 50 people there.
ဟိုမှာ လူ ၅၀လောက်တော့ ရှိတယ်။

**or so** ❑ မျှလောက်

‣ " How many people are coming?" " Oh, about a dozen or so."
လူဘယ်နှစ်ယောက်လာနေလဲ - ဟာ တစ်ဒါဇင်လောက်ပါဘဲ။

‣ A month or so later, they heard that Blake was dead.
တစ်လ (မရှိတရှိ)ခန့်ကြာ ပြီးနောက် ဘလိပ်(ခ) သေပြီဆိုတဲ့ သတင်းကို သူတို့ကြားခဲ့ရတယ်။